**မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး**

**၈၈ မျိုးဆက်ကျောင်းသားများ**

**ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်**

စာအမှတ် ။ ။ ၁/၂၀၁၁(မဃတ+၈၈+ဗကသ)
ရက်စွဲ။ ။ မတ်လ ၂၃ ရက်၊ ၂၀၁၁ ခုနှစ်။
ရန်ကုန်မြို့၊ မြန်မာနိုင်ငံ။

# ပြည်သူများအပေါ် စစ်အစိုးရ၏ ပိတ်ဆို့ဖိနှိပ်မှုများ ချက်ချင်းရုပ်သိမ်းပေး

၁။ နအဖစစ်အစိုးရသည် ဒီမိုကရေစီနိုင်ငံကြီးများ၏ ဒဏ်ခတ်ပိတ်ဆို့မှုများအား အမြဲတစေ အပြစ်တင် ရန်ညိုးထားလျက်ရှိသည်ကို တွေ့ရသည်။ ထိုနည်းတူ ၂၀၁၀-ရွေးကောက်ပွဲဝင် နိုင်ငံရေးပါတီများနှင့် အာဆီယံနိုင်ငံများကလည်း ပြည်ပနိုင်ငံများ၏ ပိတ်ဆို့မှုကြောင့် မြန်မာပြည်ဖွံ့ဖြိုးမှုနိမ့်ကျနေသယောင် စစ်အစိုးရနောက် သံယောင်လိုက် ပြောဆိုလျက်ရှိသည်ကို ကြားသိရသည်။ စစ်အစိုးရ ပေးသလောက်ကိုယူ လွှတ်တော်ထဲကနေ ချဲ့ယူသွားမည်ဆိုသည့် ထိုနိုင်ငံရေးပါတီများနှင့် အာဆီယံနိုင်ငံများ၏ ဤလုပ်ရပ်သည် ၎င်းတို့ ကိုယ်ကျိုးစီးပွားနှင့် စီးပွားရေးအခွင့်အလမ်းများအတွက် စစ်အစိုးရထံမှ မျက်နှာသာရရန် ကြံစည်ကြိုးပမ်းမှုတရပ်သာ ဖြစ်သည်ဟု မိမိတို့ ရှုမြင်သည်။

၂။ ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများက နအဖအစိုးရကို ဖိအားပေးဒဏ်ခတ်သည့်အနေဖြင့် ပိတ်ဆို့မှုများ ပြုလုပ်ထားခြင်းဆိုသည်မှာ နအဖ စစ်အစိုးရနှင့် ဝေစားမျှစားခေါက်တိုင်များ၏ လူ့အခွင့်အရေးချိုးဖောက်နေမှု၊ တိုင်းရင်းသား လူနည်းစုများအပေါ် ဖိနှိပ်နေမှု၊ နိုင်ငံရေးလှုပ်ရှားသူများကို ဖမ်းဆီးချုပ်နှောင်ထားမှု၊ အာဏာအလွဲသုံးစားပြုနေမှုများကြောင့်ဖြစ်သည်။ လူ့အခွင့်အရေး တိုးတက်မှုများရှိလာပါက ပိတ်ဆို့ထားမှုများအား ရုပ်သိမ်းပေးသွားမည်ဖြစ်ကြောင်းလည်း အတိအလင်း ပြောဆိုထားပြီး ဖြစ်သည်။

၃။ နအဖအပေါ် အရေးယူဒဏ်ခတ်မှုများကြောင့် ပြည်သူကိုထိခိုက်မှုမှာ မပြောပလောက်သောပမာဏမျှသာဖြစ်သည်။ စစ်အစိုးရ၏ ကိုယ်ကျိုးအတွက်လက်ဝါးကြီးအုပ်ဖိနှိပ်ချယ်လှယ်မှုနှင့် တိုင်းပြည်၏သဘာဝသယံဇာတအရင်းအမြစ်၊ လူသားအရင်းအမြစ်များအပေါ် စီမံခန့်ခွဲမှုညံ့ဖျင်းမှုများကြောင့်ဖြစ်ပေါ်လာသော မြန်မာပြည်သူများ၏ ဆင်းရဲနိမ့်ကျနေရမှုများက နှိုင်းဆ၍မရအောင်ပိုမိုဆိုးရွားပါသည်။

၄။ ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများ၏ ပိတ်ဆို့ဒဏ်ခတ်အရေးယူမှုများမှာ စစ်အစိုးရအပေါ် လက်နက်တင်ပို့ရောင်းချမှုအား ပိတ်ပင်ထားခြင်း၊ ၎င်းတို့၏ ဘဏ်ငွေကြေးစီးဆင်းမှုများနှင့် နိုင်ငံရပ်ခြား ခရီးသွားလာခွင့်အား ထိန်းချုပ်ကန့်သတ်ခြင်းတို့သာ အဓိကဖြစ်ပြီး ပြည်သူလူထုနှင့် လားလားမျှမပတ်သက်သော ကိစ္စရပ်များသာ ဖြစ်သည်။

၅။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ(FDI)ကိုချည်း မျက်စိမှိတ်မျှော်နေခြင်းသည် ဝမရှိဘဲဝိလုပ်နေခြင်း ဖြစ်သည်။

မိမိနိုင်ငံသားများကို အမှန်တကယ်အကာအကွယ်ပေးသည့်ဥပဒေများ၊ သမဂ္ဂများ လွတ်လပ်စွာဖွဲ့စည်းလှုပ်ရှားခွင့်၊ အမျိုးသားစီးပွားရေးလုပ်ငန်းရှင်များအကြား လက်သင့်ရာ စားတော်ခေါ်ခြင်းမျိုးမဟုတ်သည့် သာတူညီမျှ အခွင့်အလမ်းရရှိမှုများနှင့် အမည်ခံမဟုတ်ဘဲ တင်းပြည့်ကျပ်ပြည့် ဈေးကွက် စီးပွားရေးစံနစ်ကို ဦးစွာဖော်ဆောင်ပေးရန်လိုသည်။

တိုင်းပြည်ဘဏ္ဍာငွေများအား တိုင်းပြည်နှင့် လူထုအကျိုးအတွက် မည်သို့မည်ပုံ သုံးစွဲမည်ဆိုသည်ကို ပြည်သူ့သဘောထားခံယူကာ ထင်သာမြင်သာရှိပြီး တာဝန်ယူ တာဝန်ခံသော အကောင်အထည်ဖော်ဆောင်ရွက်မှုများ ရှိရန်လိုသည်။

တရားဥပဒေကို လေးစားလိုက်နာတတ်သော၊ လွတ်လပ် မှန်ကန် မျှတသည့် တရားစီရင်ရေးစနစ်ထွန်းကားသော လူမှုဝန်းကျင်တရပ် အခိုင်အမာ တည်ဆောက်ထားရန် လိုသည်။

ထိုသို့သော ရေခံမြေခံကောင်းများ ပြုပြင်မထားသည့်ဝန်းကျင်တွင် ရင်းနှီးမြှုပ်နှံမှုများ တကမ္ဘာလုံးမှ အိတ်သွန်ဖာမှောက် ရောက်လာသည့်တိုင် တိုင်းပြည်သည် ဆင်းရဲခြင်းမှ လွတ်ကင်းနိုင်လိမ့်မည်မဟုတ်ပါ။ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းမှုများ၊ သယံဇာတပြုန်းတီးမှုများ၊ နိုင်ငံခြားကြွေးမြီများကို သားစဉ်မြေးဆက် ပေးဆပ်ကြရမည့်အဖြစ်များ၊ မြန်မာလုပ်သားများသည် အမိမြေပေါ်မှာတင် ဈေးအပေါဆုံး နိုင်ငံတကာအစေခံများဘဝသို့ ကျရောက်သွားမှုများ စသည့်သဲထဲရေသွန်အဖြစ်ထက် ပိုဆိုးသော အဖြစ်များကြုံရမည်ကို အမျိုးသားရေးအန္တရာယ်တရပ်အဖြစ် သတိမူသင့်သည်။

၆။ မိမိတို့တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျပြီး ပြည်သူလူထုကြီး စားဝတ်နေရေး ကျပ်တည်းနေရသည်မှာ စစ်အစိုးရက လက်ညှိုးထိုးအပြစ်လွှဲချနေသကဲ့သို့ အနောက်နိုင်ငံများ၏ ပိတ်ဆို့မှုကြောင့်မဟုတ်ပါ။ ထိုအခြေအနေဆိုးများ၏ အဓိကနှင့် တခုတည်းသောတရားခံမှာ နအဖစစ်အစိုးရ၏ ဒီမိုကရေစီကျင့်စဉ်အတိုင်း တရားသဖြင့် မအုပ်ချုပ်ဘဲ အမိန့်အာဏာဖြင့် မတော်မတရား သြဇာသုံးနေခြင်း၊ အကျင့်ပျက်ခြစားမှု ကြီးမားနေခြင်း၊ စီမံခန့်ခွဲမှုညံ့ဖျင်းပြီး မသမာသော၊ အပြောင်းအလဲများပြီး ရှုပ်ထွေးကြန့်ကြာသည့် လုပ်ထုံးလုပ်နည်းများကျင့်သုံးနေခြင်း၊ စစ်လက်နက်နှင့် စစ်အင်အား ချဲ့ထွင်နေခြင်း၊ ဆွေမျိုးတစုကောင်းစားရေးအတွက်ဖြင့် ကိုယ်ကျိုးရှာနေခြင်း၊ နိုင်ငံရေးပဋိပက္ခများအား ညှိနှိုင်းဖြေရှင်းမှုမပြုဘဲ တိုင်းရင်းသားများအပါအဝင် ဒီမိုကရေစီအင်အားစုကြီးတရပ်လုံးနှင့် ဆန့်ကျင်လျက် ပြည်တွင်းစစ်ဆင်နွှဲနေခြင်း စသည့် စစ်အာဏာ သက်ဆိုးရှည်စေရေးအတွက်သာ ရည်ရွယ်သည့် မှားယွင်းသောနိုင်ငံရေးပေါ်လစီများကြောင့်သာ ဖြစ်သည်ဆိုသည်ကို ပြည်သူအများက ရှင်းရှင်းလင်းလင်း သိပြီးဖြစ်သည်။

၇။ ထိုမှားယွင်းသော ပေါ်လစီများ၊ လုပ်ရပ်များဖြင့် နအဖစစ်အစိုးရသည် ပြည်သူလူထုကို ဆင်းရဲတွင်းထဲတွင် ပိတ်ဆို့ဒဏ်ခတ်ထားပါသည်။ ထို့ကြောင့် အနောက်နိုင်ငံများကလည်း နအဖစစ်အစိုးရကို ပိတ်ဆို့ဒဏ်ခတ်ထားခြင်းဖြစ်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အပေါ် တရားခံရှာပြီး ပြည်သူလူထုနှင့် ရန်တိုက်ပေးသည့်နည်းဖြင့် ပိတ်ဆို့မှုများကို ဖြေရှင်း၍ မရနိုင်ပါ။

ထို့ကြောင့် နအဖအနေဖြင့် ပြည်သူများအပေါ် ပိတ်ဆို့ဒဏ်ခတ်ထားမှုများအား ခြွင်းချက်မရှိ ချက်ချင်း ရုတ်သိမ်းပေးပြီး လွတ်လပ်ပွင့်လင်းသောလူ့ဘောင်တရပ်ကို တည်ဆောက်ခြင်းသည်သာ အနောက်နိုင်ငံများက နအဖအပေါ် ဒဏ်ခတ်ထားသည့် ပိတ်ဆို့မှုများ ရုပ်သိမ်းသွားစေနိုင်မည့် အသေချာဆုံးနှင့် တခုတည်းသောနည်းလမ်းဖြစ်ကြောင်း အသိပေးအပ်သည်။

၈။ နအဖစစ်အစိုးရ၏ ပိတ်ဆို့ဒဏ်ခတ်ခြင်းခံထားရသည့် ပြည်သူများ၏ဘဝအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

***စစ်အစိုးရ၏ ပိတ်ဆို့ဒဏ်ခတ်မှုကိုခံနေရသည့် ပြည်သူ့ဘဂအခြေအနေ တစိတ်တဒေသ***

က။ မြန်မာနိုင်ငံ အကျဉ်းထောင်အသီးသီးတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူများ ဖမ်းဆီးနှိပ်စက်ခံနေရသည်။ ထောင်ဝင်စာ ပိတ်သည်။ တိုက်ပိတ်သည်။ မိသားစုအထောက်အပံ့ ကောင်းစွာမရစေရန်ရည်ရွယ်၍ နယ်ဝေး အကျဉ်းထောင်များသို့ပို့ကာ မိသားစုနှင့် အဆက်အသွယ် ဖြတ်တောက်ပိတ်ဆို့ထားသည်။

ခ။ နိုင်ငံရေးပါတီများ၊ သမဂ္ဂများအပါအဝင် အရပ်ဘက်လူ့အဖွဲ့အစည်းများဆိုင်ရာ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအသင်းအပင်းများအား တရားဝင် လွတ်လပ်စွာရပ်တည်လှုပ်ရှားခွင့်ကို မတရားဥပဒေများ၊ အမိန့်အာဏာများဖြင့် ပိတ်ပင်ချုပ်ချယ်ထားသည်။

ဂ။ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများဖြစ်သည့် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့များ၊ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(IAEA)၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်(ILO) အပါအဝင် နိုင်ငံတကာကြက်ခြေနီအဖွဲ့(ICRC)စသည့် နိုင်ငံတကာအဖွဲ့အစည်းများ၏ စုံစမ်းစစ်ဆေးမှု၊ လေ့လာဆန်းဆစ်မှု၊ ကူညီထောက်ပံ့မှုများအား ကန့်သတ်ခြင်း၊ ငြင်းဆန်ခြင်း၊ လစ်လျူရှုခြင်းပြုထားသည်။

ဃ။ ငြိမ်းချမ်းစွာ စုဝေးခြင်း၊ ဟောပြောခြင်း၊ စီတန်းလှည့်လည်ခြင်း၊ ဆန္ဒထုတ်ဖော်ပြသခြင်းများကို လုံးဝ တားမြစ်သည့်အပြင် သံဃာတော်များ၏ မေတ္တာပို့ဆုတောင်းလမ်းလျှောက်ခြင်းကိုပင် ပစ်ခတ်ဖြိုခွင်းသည်။ ကုန်ဈေးနှုန်းကျဆင်းရေး တောင်းဆိုသူများအား ဖမ်းဆီးထောင်ချပစ်သည်။

င။ အလုပ်ခန့်လျှောက်လွှာတွင်သာမက မိုစိုက်ပျိုးရေးသင်တန်းမျိုး တက်ရောက်ခွင့်ရရန်ကိုပင် နိုင်ငံရေးကင်းရှင်းရမည်ဟု ပိတ်ပင်ထားသည်။ နအဖသည် ဝန်ထမ်းများ နိုင်ငံရေးလုပ်ခွင့်ကို တားမြစ်ထားသော်လည်း စစ်သည်ဝန်ထမ်းများ(စစ်တပ်)ကိုမူ နိုင်ငံရေးလုပ်ခွင့်သာမက နိုင်ငံရေးဦးဆောင်ကဏ္ဍကိုပင် ပြည်သူ့ထံ အရွေးချယ်ခံနေစရာ မလိုဘဲ အထူးလုပ်ပိုင်ခွင့်ပေးထားသည်။

စ။ သတင်းမီဒီယာများ၏ လွတ်လပ်စွာ ရေးသား၊ ပုံနှိပ်၊ ဖော်ပြ၊ ဖြန့်ချိခွင့်များကို မတရားစည်းကမ်းချက်မျိုးစုံထုတ်၍ ကန့်သတ် ချုပ်ချယ်ထားရုံသာမက လွတ်လပ်စွာသတင်းယူခွင့်ကိုပင် ပိတ်ပင်ထားသည်။

ဆ။ သကြံန်စာနှင့် သကြံန်ရိုးရာသံချပ်တေးများမှအစ ကဗျာ၊ ဝတ္ထုစသည့် အနုပညာဖန်တီးမှုများကို စာပေစီစစ်ရေးရုံးမှ လွတ်လပ်စွာ ရေးသား ဖန်တီးမှုကို ပိတ်ပင်ခြင်းနှင့် တင်းတင်းကြပ်ကြပ် စီစစ်ဖြတ်ပယ်ခြင်း၊ အငြိမ့်ပြက်လုံးများကို ကြိုတင်ကပြ အစီစစ်ခံပြီးမှ အများပြည်သူရှေ့ တင်ဆက်ခွင့်ပေးခြင်း၊ ပန်းချီပြပွဲများကို ဆင်ဆာဘုတ်အဖွဲ့ ခွင့်ပြုချက်မရဘဲ ခင်းကျင်းပြသခွင့်မပြုခြင်း၊ စစ်အစိုးရအား ဝေဖန်သော(သို့မဟုတ်)စစ်အစိုးရအလိုကိုမလိုက်သော အနုပညာရှင်များအား စာရေးခွင့်၊ ရုပ်ရှင်ရိုက်ခွင့် စသည့်အနုပညာလုပ်ငန်းများ လုပ်ကိုင်ခွင့်မပေးခြင်းတို့ကို ပြုလုပ်ထားသည်။

ဇ။ သာရေးနာရေး လူမှုရေးလုပ်ငန်းများ၊ အခမဲ့ပညာဒါနပြုခြင်းများ၊ နာဂစ်နှင့် ဂီရိမုန်တိုင်းအပါအဝင် ချင်းပြည်နယ်ဆန်ရှားပါးမှုပြဿနာ စသည့်လူမှုအခက်ကြုံနေသူများအား ကယ်ဆယ်ရေးနှင့် ကူညီပံ့ပိုးရေးအပိုင်းများတွင် မတရားဥပဒေ လုပ်ထုံးလုပ်နည်းမျိုးစုံဖြင့်တမျိုး၊ ဥပဒေမဲ့ မလျော်ဩဇာသုံး၍တဖုံ ဝင်ရောက်နှောင့်ယှက်ခြင်း၊ နိုင်ငံရေး အမြတ်ထုတ်နာမည်ယူခြင်း၊ နှောင့်နှေးကြန့်ကြာစေခြင်း၊ တားဆီးပိတ်ပင်ခြင်းများ ပြုလုပ်ထားသည်။

ဈ။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၏ တရားပွဲများကို မလိုအပ်သော စည်းကမ်းချက်ပေါင်းများစွာဖြင့် တင်းကြပ်ခြင်း၊ ပိတ်ပင်ခြင်း၊ ခရစ်ယာန်ဘာသာ၊ အစ္စလမ်ဘာသာဝင်များ၏ ဘာသာရေးအထိမ်းအမှတ်များ၊ အဆောက်အဦများကို လက်လွတ်စပယ် ဖြိုဖျက်ခြင်း၊ အခြားဘာသာဝင်များ၏ လွတ်လပ်စွာ စုဝေးဝတ်ပြုခွင့်ကို ဟန့်တားခြင်းများ ပြုလုပ်နေသည်။

ည။ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးအသီးသီး၏ ဘာသာစကား စာပေ ယဉ်ကျေးမှု ထိန်းသိမ်းရေး၊ ထွန်းကားရေးအတွက် ဆောင်ရွက်လှုပ်ရှားမှုများကို အားမပေးသည့်အပြင် ဟန့်တားပိတ်ပင်နေသည်။

ဋ။ တောင်သူလယ်သမားများ၏ လွတ်လပ်စွာ စိုက်ပျိုး၊ ရိတ်သိမ်း၊ သယ်ဆောင်ရောင်းချခွင့်ကို မလိုလျှင် မလိုသလို ပိတ်ပင်ခြင်းနှင့် မြေယာများ အဓမ္မသိမ်းယူကာ လယ်လုပ်ခွင့်ကို ရပ်တန့်စေခြင်းများကို ပြုလုပ်နေသည်။

ဌ။ နစ်နာသူအရပ်သားများက မတရားမှုများအား ဥပဒေကြောင်းအရ တိုင်ကြားအမှုဆိုင်ရာတွင် ငွေများ အမှုနိုင်၊ အာဏာကြီး အမှုနိုင် စသည့် အဂတိလိုက်စားသော တရားစီရင်ရေးများဖြင့် မတရားရုံးများ၊ ကျေးရွာရပ်ကွက်ရုံးများက အမှုမှန် ပေါ်ပေါက်ရေးလမ်းကြောင်းကို ဖုံးကွယ် ပိတ်ဆို့ထားသည်။

ဍ။ စစ်ဗိုလ်ချုပ်တစုနှင့် လက်ဝေခံ အပေါင်းပါ စီးပွားရေး သောင်းကျန်းသူများအား အထူးအခွင့်အရေးများပေးထားပြီး သာမန် အရပ်သား စီးပွားရေးလုပ်ငန်းရှင်များ၏ အခွင့်အလမ်းနှင့် တက်လမ်းကိုမူ ခွဲခြားဆက်ဆံ ပိတ်ဆို့ထားသည်။

ဎ။ နိုင်ငံသားများ၏ လွတ်လပ်စွာ ညအိပ်ညနေခရီးသွားလာခွင့်ကို ဧည့်စာရင်းတိုင်ရမည်ဆိုသည့်အချက်ဖြင့် ခြေချုပ်ချထားခြင်း၊ စိတ်မလိုလျှင် ဧည့်စာရင်းတိုင်သော်လည်း တမင်ညစ်ကာ ဧည့်စာရင်းထုတ်မပေးခြင်း၊ နိုင်ငံရပ်ခြား ခရီး

သွားလာခွင့်ကိုလည်း လုံခြုံ ချောမွေ့မှုမရှိအောင် နည်းအမျိုးမျိုးဖြင့် နှောင့်ယှက်ခြင်း၊ ပတ်စ်ပို့ထုတ်မပေးဘဲ ပိတ်ပင်ထားခြင်းများကို ပြုလုပ်နေသည်။

၆။ ပြည်ပသတင်းဌာနများ၏ ထုတ်လွှင့်ချက်များအား တပ်မတော်အတွင်း နားထောင်ခွင့် ပိတ်ပင်ထားခြင်း၊ အရပ်သားများအိမ်တွင် ဂြိုလ်တုစလောင်းများ တပ်ဆင်ကြည့်ရှုခွင့်မပေးခြင်း စသည်ဖြင့် တပ်နှင့်ပြည်သူကို မျက်စိပိတ်နားပိတ်ဖြစ်အောင် လုပ်ထားသည်။

၇။ အင်တာနက်သုံးစွဲမှုများအား စည်းကမ်းချက်များစွာဖြင့် ကန့်သတ်ခြင်း၊ ဝက်ဘ်ဆိုဒ်အများအပြားကို ပိတ်ထားခြင်း၊ နိုင်ငံရေးအရ အရေးကြီးရက်များတွင် အင်တာနက်သုံးစွဲ၍မရနိုင်လောက်အောင် တမင်ရည်ရွယ်ကာ ကွန်နက်ရှင်များကို ချထားခြင်း၊ အင်တာနက်ကဖေးများတွင် ထောက်လှမ်းရေးအစီအမံများချထားကာ ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်ကို ထိပါးခြင်း၊ အီလက်ထရောနစ်ဥပဒေဆိုသည်နှင့် ခြိမ်းခြောက်ခြင်း၊ တယ်လီဖုန်းလိုင်းများအား ကြားဖြတ်နားထောင်ခြင်း၊ ပေးစာများအား ဖောက်ဖတ်ခြင်း၊ ဖျောက်ဖျက်ပစ်ခြင်း စသည်တို့ကို ကျူးလွန်နေသည်။

၈။ မော်တော်ယာဉ်နှင့် တယ်လီဖုန်းများကို အများပြည်သူအား အလွယ်တကူ ဈေးချိုချိုနှင့် အခြားနိုင်ငံများနည်းတူ တင်သွင်း သုံးစွဲခွင့်ပြုလျှင် အဆင်ပြေနိုင်ပါလျက်နှင့် အာဏာပိုင်များနှင့် ၎င်းတို့ အာဏာပိုင်အသိုင်းအဝိုင်းအတွက် စားပေါက်ထွင်ကာ ကားပါမစ်ဆိုသည်များ၊ တဆင့်ပြန်ဖုန်းရောင်းချမှုများကြောင့် ပြည်သူများအား သွားလာဆက်သွယ်ရေးတွင် ဈေးကြီးမိကာ အခက်အခဲ ကြုံနေစေပါသည်။

အထက်ဖော်ပြပါ အခြေအနေများသည် နိုင်ငံရေး စီးပွားရေး လူမှုရေး ယဉ်ကျေးမှု နယ်ပယ်အသီးသီးတွင် နအဖ စစ်အစိုးရက အရပ်သားပြည်သူများအပေါ် ချမှတ်ပိတ်ဆို့ထားသည့် အတားအဆီးများစွာထဲမှ အစိတ်အပိုင်းတချို့ကို နမူနာအဖြစ် ကောက်နုတ်တင်ပြခြင်းဖြစ်သည်။

နအဖအနေဖြင့်လည်းကောင်း၊ ရွေးကောက်ပွဲဝင်နိုင်ငံရေးပါတီများအနေဖြင့်လည်းကောင်း ***မိမိတို့နိုင်ငံအတွင်း ကိုယ့်လူမျိုးအချင်းချင်း ပိတ်ဆို့နေမှုများအား ရုတ်သိမ်းဖယ်ရှားသွားအောင် ဦးစွာမကြိုးပမ်းဘဲ အနောက်နိုင်ငံများသို့ နအဖအပေါ် ပိတ်ဆို့မှုများ ရုတ်သိမ်းပေးရန် လှမ်းပြောနေခြင်းသည် အနာနှင့်ဆေး လွဲနေခြင်းသာဖြစ်သည်။***

***သို့ပါသောကြောင့် လက်တွေ့လည်းကျ ဂုဏ်သိက္ခာလည်းရှိလှသော လုပ်ရပ်တခုအနေဖြင့် နအဖ စစ်အစိုးရသည် ပြည်သူများအပေါ် ပိတ်ဆို့မှုများရုတ်သိမ်းကာ နိုင်ငံရေး၊ စီးပွားရေးဂန်းကျင်ကောင်းများ ပေါ်ထွန်းလာစေရေးအတွက် တခုတည်းသောနည်းလမ်းဖြစ်သည့် အမျိုးသားရင်ကြားစေ့ရေး စကားဝိုင်းကို အမြန်ဆုံး စတင်ဆောင်ရွက်ပါရန် မိမိတို့မှ အလေးအနက် တောင်းဆိုလိုက်သည်။***

**မြန်မာနိုင်ငံလုံးဆိုင်ရာသံဃာ့တပ်ပေါင်းစုအဖွဲ့ကြီး**
**၈၈ မျိုးဆက်ကျောင်းသားများ**
**ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်**